**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၁၇)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၈၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၃.၀၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၂၁-၆-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အာမကတိ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်ရန်။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်နိုင်နိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးကိစ္စ။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ဆွေးနွေးပွဲတက်ရောက်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်ပခရီးစဉ်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေးကိစ္စတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၆)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၂၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၃၈) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့ဝင် ဝန်ထမ်းအိမ်ရာများ ပျက်စီးယိုယွင်းနေခြင်းအတွက် လိုအပ်သော အဆောက်အအုံသစ်များကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ က မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့ဝင် ဝန်ထမ်းအိမ်ရာများ ပျက်စီးယိုယွင်းနေခြင်းအတွက် လိုအပ်သော အဆောက်အအုံသစ်များကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များနှင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့ဝင်များရဲ့ ဝန်ထမ်းအိမ်ရာများ ပျက်စီးယိုယွင်းနေခြင်းအတွက် လိုအပ်သော အဆောက်အအုံသစ်များကို ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဘီးလင်းမြို့နယ် အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များရဲ့ ဝန်ထမ်းအိမ်ရာများမှာ ၁၉၅၅ ခုနှစ်၊ ၁၉၆၂ ခုနှစ်ကတည်းက ဆောက်လုပ်ထားတဲ့ အဆောက်အအုံများ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခုအခါမှာ နှစ်ပေါင်း(၆၀) ကျော်ကြာမြင့်နေပြီဖြစ်တဲ့အတွက် နေထိုင်ရန် မသင့်တော်တော့သော အဆောက်အအုံများအဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဘီးလင်းမြို့နယ်ဟာ အရင်က နယ်မြေအေးချမ်းမှုမရှိခဲ့တဲ့ ပြည်တွင်းစစ်ဒဏ်ခံခဲ့ရတဲ့ ဒေသတစ်ခုဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီရဲစခန်းဝင်းအတွင်းမှာရှိတဲ့ အိမ်ရာတွေကလည်း ခေတ်အဆက်ဆက် ပြန်လည်ပြုပြင်ဆောက်လုပ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အခုနောက်ပိုင်း နယ်မြေအေးချမ်းတဲ့ကာလမှာ အသစ်ဆောက်လုပ်ပေးတာတွေ၊ ရဲစခန်းဝင်းသစ်ထဲမှာ အသစ်ဆောက်လုပ်ပေးတာတွေ ရှိပေမယ့်လို့ လုံလောက်မှုမရှိပါဘူး။

ဒါကြောင့်မို့လို့ ဒီအထက်ပါအဆောက်အအုံ အန္တရာယ်ရှိ အဆောက်အအုံတွေကိုသာ ဖာထေးပြုပြင်ပြီးတော့ နေထိုင်နေရပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါ ကျွန်မတို့ ဘီးလင်းမြို့နယ်၊ မြို့နယ်မှူးနေတဲ့အိမ်တွေ ဖြစ်ပါတယ်။ ဒါကတော့ ဝင်းက နဲ့ တောင်စွန်းစခန်းမှူး နေအိမ် ဖြစ်ပါတယ်။ ဒါကတော့ မိုက္ကရိုဝေ့ရဲစခန်း ဖြစ်ပါတယ်။ ရဲကင်းစခန်း ဖြစ်ပါတယ်။ ဒါတွေက ကျွန်မတို့ အခုလက်ရှိ နေနေတဲ့အိမ်တွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယနေ့အထိ အဆိုပါ ယိုယွင်းနေတဲ့ နေအိမ်များမှ ရဲတပ်ဖွဲ့ဝင်မိသားစုများမှာ Slide များမှာ မြင်တွေ့ခဲ့ရတဲ့အတိုင်း အခက်အခဲများစွာနှင့် နေထိုင်လျက်ရှိတဲ့အတွက်ကြောင့်မို့ အန္တရာယ်ရှိအနေအထား ဖြစ်နေတာကို ကျွန်မတို့ မဲဆန္ဒနယ်ဆင်းရင်း လှည့်လည်ကြည့်ရှုရင်းနဲ့ မြင်တွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီမြို့မရဲစခန်းဝင်းအတွင်းမှာရှိတဲ့ လိုင်းခန်းအသစ်တွေကို လုံးလုံး ပြန်မဆောက်ပေးတာတော့ မဟုတ်ပါဘူး။ နည်းနည်းပြန်ဆောက်ပေးထားပါတယ်။ ဒါပေမဲ့ အဲဒါ အရမ်း အနည်းငယ်ပဲ ဆောက်လုပ်ပေးထားတာဖြစ်ပြီးတော့ တောင်စွန်းရဲစခန်း၊ ဝင်းက ရဲစခန်း အပါအဝင် ဒီ မိုက္ကရိုဝေ့ ရဲကင်းတွေမှာရှိတဲ့ ဝန်ထမ်းအများစုက ဒီ ပြိုကျလုလုလိုင်းခန်းများမှာသာ နေထိုင်နေရတဲ့ အတွက် ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်းမှာရှိတဲ့ ဒီရဲတပ်ဖွဲ့ ဝင်မိသားစုတွေရဲ့ ပျက်စီးနေတဲ့ ယိုယွင်းနေတဲ့အိမ်ရာများ၊ နေရာမှာ အိမ်ရာအသစ်တွေ ဆောက်လုပ် ပေးဖို့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

၁၉၆၂ ခုနှစ်မှစတင်ဆောက်လုပ်ခဲ့သည့် ဖက်မိုး၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဖြင့် ယနေ့အချိန်အထိ ပြုပြင်နေထိုင်လျက်ရှိသည့် အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ (ဏ)



၁၉၆၂ ခုနှစ်မှစတင်ဆောက်လုပ်ခဲ့သည့် ဖက်မိုး၊ အုတ်ကြွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဖြင့် ယနေ့အချိန်အထိ ပြုပြင်နေထိုင်လျက်ရှိသည့် အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ (ဏ-၁)



နေအိမ်လိုင်းခန်းများ ပျက်စီးနေမှုအား မြင်ရသော မှတ်တမ်းဓာတ်ပုံ (ဏ-၂)



**မြန်မာနိုင်ငံအစိုးရသစ်လက်ထက်တွင် နိုင်ငံရေးအကျဉ်းသား သို့မဟုတ် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် အကျဉ်းသားများအားလုံး တစ်ယောက်မကျန် လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က မြန်မာနိုင်ငံအစိုးရသစ်လက်ထက်တွင် နိုင်ငံရေးအကျဉ်းသား သို့မဟုတ် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် အကျဉ်းသားများအားလုံး တစ်ယောက်မကျန်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းက ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့မှာ အမျိုးသားလွှတ်တော် ထမင်းစားခန်းမမှာ ကျင်းပပြုလုပ်ခဲ့သော အကျဉ်းထောင်နှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို အခြေခံပြီး ဖြစ်ပေါ်လာတဲ့ မေးခွန်းတစ်ခု ဖြစ်ပါတယ်။ စစ်အစိုးရလက်ထက်က မြန်မာနိုင်ငံမှာ

နိုင်ငံရေးအကျဉ်းသား လုံးဝမရှိလို့ တရားဝင်ပြောဆိုထားတာကို အားလုံးသိရှိကြပြီး ဖြစ်ပါတယ်။ နိုင်ငံရေးသမား၊ အကျဉ်းသားများကိုလည်း ပြစ်ဒဏ်ကျ အကျဉ်းသားအဖြစ်သာ သတ်မှတ်ခဲ့ကြပါတယ်။ နိုင်ငံရေးအကျဉ်းသားများနဲ့ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ချက်လည်း မရှိသေးပါဘူး။ သို့သော် ပြည်သူလူထုကတော့ နိုင်ငံရေးလုပ်ရပ်ကြောင့် အကျဉ်းကျခံနေရသူများအားလုံးကို နိုင်ငံရေးအကျဉ်းသား လို့သာ ယုံကြည်လက်ခံ သတ်မှတ်ထားကြပါတယ်။

ဘာပဲပြောပြော ဒီမိုကရေစီဆိုတာ ပြည်သူလူထုကို ဗဟိုပြုရတဲ့စနစ်တစ်ခုပါ။ ပြည်သူလူထု က ယုံကြည်လက်ခံဖို့သာ အဓိကပါ။ ဒီလို နိုင်ငံရေးအကျဉ်းသားများ ရှိတယ်လို့ လက်ခံထားတဲ့ အတွက်ကြောင့်လည်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ကိုလည်း ဖွဲ့စည်းထားရခြင်း ဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားများဟာ ခိုးဆိုးတိုက်ခိုက်၊ လုယက် ပြစ်မှု ကျူးလွန်လို့ အကျဉ်းကျခံနေရသူများ မဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံရေးအကျဉ်းသားများဟာ နိုင်ငံတော်ရဲ့ ရန်သူများလည်း မဟုတ်ပါဘူး။ အာဏာရှင်အစိုးရများရဲ့ ရန်သူများ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ အမှန်က ဒီမိုကရေစီနိုင်ငံ ထူထောင်ရာမှာ အဆိုပါပုဂ္ဂိုလ်များဟာ ပူးပေါင်းပါဝင်ရမည့်သူများသာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတစ်ယောက်ရှိနေတာကိုက များလွန်းပါတယ်လို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ပြောထားခဲ့တဲ့စကား ရှိပါတယ်။ ယခုလက်ရှိမှာတော့ နိုင်ငံရေး အကျဉ်းသား(၈၀)ကျော်နဲ့ တရားစွဲခံထားရသူပေါင်း(၁၀၀)ကျော် ရှိနေကြောင်း အကျဉ်းထောင်နှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲမှ သိရှိရပါတယ်။

ပါလီမန်ဒီမိုကရေစီခေတ်က နိုင်ငံရေးအကျဉ်းသားများကို အတန်းအစား (Class) ခွဲခြား သတ်မှတ်ပြီး လူ့အခွင့်အရေးကို မထိခိုက်ရအောင် ထားနိုင်ခဲ့တယ်လို့ လေ့လာသိရှိထားပါတယ်။ ၂၀၁၀ ခုနှစ်၊ မေလ မှ ၂၀၁၆ ခုနှစ်၊ ဧပြီ ၁၇ ရက်အထိ နိုင်ငံရေးအကျဉ်းသား(၁၃၀၁)ဦး လွတ်ငြိမ်းချမ်းသာခွင့် ရရှိကြပြီး ဖြစ်ပါတယ်။ ဒီလို နိုင်ငံရေးအကျဉ်းသားများကို လွတ်ငြိမ်းခွင့်ပေးရာမှာလည်း နိုင်ငံရေး အကျိုးအမြတ်ကိုတွက်ချက်ပြီး အသုတ်လိုက်၊ အသုတ်လိုက် အချိန်ဆွဲပြီးတော့ လွှတ်ပေးခဲ့တာများကိုသာ တွေ့မြင်ခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ဒီမိုကရေစီနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားများ မရှိသင့်ဟူသော ခံယူချက် အမြင်ဖြင့် မြန်မာနိုင်ငံ လက်ရှိ အစိုးရသစ်လက်ထက်တွင် အကျဉ်းသားများအားလုံး တစ်ယောက် မကျန် လွှတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား လေးစားစွာနှင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁/၂၀၁၂) ဖြင့် ပြဋ္ဌာန်းထားသော လယ်ယာမြေဥပဒေပုဒ်မ ၃၃ အရ ကွဲ၊ နွား စားကျက်မြေကို ရွေးယခင် မိဘ၊ ဘိုးဘွား လက်ထက်ကဲ့သို့ မပျက်စီးစေဘဲထားစေရန်၊ ကျူးကျော်သူများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူ ဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၁/၂၀၁၂)ဖြင့် ပြဋ္ဌာန်းထားသော လယ်ယာမြေ ဥပဒေပုဒ်မ ၃၃

အရ ကွဲ၊ နွား စားကျက်မြေကို ရှေးယခင် မိဘ၊ ဘိုးဘွား လက်ထက်ကကဲ့သို့ မပျက်စီးစေဘဲ ထားစေရန်၊ ကျူးကျော်သူများကို တရားဥပဒေအရ ထိရောက်စွာအရေးယူဖော်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ ခံစားနေကြရတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၁/၂၀၁၂)ဖြင့် ပြဋ္ဌာန်းထားသော လယ်ယာမြေဥပဒေ ပုဒ်မ ၃၃ အရ ကွဲ၊ နွား စားကျက်မြေကို ရှေးယခင် မိဘလက်ထက်ကဲ့သို့ မပျက်စီးစေဘဲထားစေရန်၊ ကျူးကျော်သူများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူဖော်ထုတ်ပေးရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ကံပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၄၄) ကမ်းပိုင်ကြီးအရှေ့ကွင်း အစိုးရသီးသန့်မြေဧရိယာ (၃၅.၀၀) ဧကခန့်တွင် ကံပြင်ကျေးရွာအုပ်စုနှင့် ကျောက်တောင်ကျေးရွာအုပ်စုမှ တောင်သူလယ်သမားများ၏ ကွဲ၊ နွားများ သွားလမ်းစားကျက်မြေအဖြစ် ရှေးမိဘ/ဘိုးဘွား လက်ထက်ကပင် အစိုးရအဆက်ဆက် အသုံးပြုရန် ပြဋ္ဌာန်းခဲ့သော စားကျက်မြေ ဖြစ်ပါတယ်။ ဖော်ပြပါ စားကျက်မြေကို ယခင်အစိုးရ လက်ထက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စစ်တွေခရိုင်၏ ၇-၈-၂၀၀၀ ရက်စွဲပါ စာအမှတ်၊ ၀၇/၉-၁/ခယက (စစ်တွေ)မြို့နယ် မြေစာရင်းဦးစီးဌာန၊ ပေါက်တောမြို့နယ်၏ စာအမှတ်၊ ၀၀၈/ပတ-၈(က/၂၀၀၀)၊ မြို့နယ်ဖွံ့ဖြိုးရေးနှင့် အေးချမ်းသာယာရေးကောင်စီ၊ ပေါက်တောမြို့နယ်၏ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၆ ရက် ရက်စွဲပါစာအမှတ်၊ ၄/၅-၁/မယက-ဒေသအာဏာပိုင် အစိုးရအဆက်ဆက် ထွန်ယက်ခွင့်မပြုဘဲ တားမြစ်ခဲ့သော စားကျက်မြေ ဖြစ်ပါတယ်။

သို့သော်လည်း အဲဒီစားကျက်မြေတို့ကို ပေါက်တောမြို့နယ်၊ ကံပြင်ကျေးရွာအုပ်စုနယ်၊ အဲဒီ ထဲမှာတော့ ကျွန်တော် နာမည်ထုတ်လို့ မပြောတော့ပါဘူး။ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရ.ဝ.တ ခေတ် အဆက်ဆက် လူကြီးလုပ်လာတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ ဖြစ်ပါတယ်။ ယနေ့တိုင် တရားမဝင် ကျူးကျော်၊ ထွန်ယက်စိုက်ပျိုးပြီး ကိုယ်ကျိုးအတွက်ပြုလုပ်နေခြင်းကြောင့် ကံပြင်ကျေးရွာ၊ ကျောက်တောင်ကျေးရွာ၊ ကျောက်တန်းကျေးရွာတို့မှ တောင်သူလယ်သမားများတို့၏ နိုင်ငံတော်အကျိုးပြု ကွဲ၊ နွားများတို့မှာ မိုးရာသီတို့တွင် ကွဲ၊ နွား စားကျက်ကွင်းမရှိဘဲ အစာငတ်ပြီး သေကျေပျက်စီးနေရတာကိုလည်း ကျွန်တော်တို့ကိုယ်တိုင် တွေ့မြင်ရပါတယ်။ နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုလွှတ်တော်မှ ကွဲ၊ နွားစားကျက်မြေ ဥပဒေပုဒ်မ ၃၃ အရ တပ်မတော်က သိမ်းဆည်းထားသော လယ်မြေတို့ကိုတော့

ယခင်အတိုင်း စားကျက်မြေအဖြစ် ထားရှိစေရန် တပ်မတော်မှ စွန့်လွှတ်ခဲ့သည်ကိုလည်း ကျွန်တော်တို့ ကိုယ်တိုင် တွေ့မြင်ရပါတယ်။

ယခုအခါ ပေါက်တောမြို့နယ်၊ ကံပြင်ကျေးရွာ၊ ကျောက်တောင်ကျေးရွာ၊ ကျောက်တန်းကျေးရွာမှ တောင်သူလယ်သမားတို့မှ ယနေ့တိုင် ဥပဒေမဲ့ ကျူးကျော်ထွန်ယက်နေသောလူတစ်ဦး၏ အနိုင်ကျင့်မင်းမဲ့စရိုက်ဆန်ဆန် လုပ်ရပ်တို့ကြောင့် ကျွဲ၊ နွားများ၊ တောင်သူလယ်သမားများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ပြည်သူများ လုပ်ကိုင်စားသောက်နေကြရသည်မှာ ဒုက္ခရောက်နေကြပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၁/၂၀၁၂)လယ်ယာမြေ ဥပဒေပုဒ်မ ၃၃ အရ ကျွဲ၊ နွား စားကျက်မြေကို ရှေးယခင် မိဘ၊ ဘိုးဘွားလက်ထက်ကကဲ့သို့ မပျက်စီးစေဘဲ ထားရှိစေရန် ကျူးကျော်သူများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူဖော်ထုတ်ပေးရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရခြင်းသည်လည်း တောင်သူလယ်သမားများကို စာနာထောက်ခံပြီး တောင်သူလယ်သမားများ၏ တင်ပြချက်အရ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မှုခင်းကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် မည်ကဲ့သို့ အစီအစဉ် ချမှတ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက မှုခင်းကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူများ၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် မည်ကဲ့သို့ အစီအစဉ် ချမှတ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ကျွန်မမေးမယ့် မေးခွန်းကတော့ ပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်မရဲ့ မဲဆန္ဒနယ်မြေမှာ ဖြစ်ပွားတဲ့ကိစ္စတချို့ကို တင်ပြလိုပါတယ်။ ဒီ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၀)၊ အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်မှာ ပြီးခဲ့တဲ့နှစ် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်းပြီးတော့ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး အထူးစီမံကိန်းဆိုတဲ့ (Pilot Project) ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အောင်မြင်မှုတွေလည်း အများကြီး ရှိခဲ့ပါတယ်။

သို့သော်လည်း အဲဒီလို အထူးစီမံကိန်း (Pilot Project) ချမှတ်တဲ့အချိန်မှာပဲ မင်္ဂလာဒုံမြို့နယ်မှာ မိသားစု(၄)ဦး အသတ်ခံရမှု အဲဒါကတော့ ၂၀-၈-၂၀၁၆ မှာ ဖြစ်ပွားခဲ့ပါတယ်။ လေးလောင်းပြိုင်အမှုလို့လည်း လူသိများပါတယ်။ အင်းစိန်မြို့နယ်မှာပဲ တစ်ညတည်းမှာ အိမ်(၃)အိမ်ကို ဆက်တိုက်

ဖောက်ထွင်းခံရခြင်းအမှုတွေလည်း ဖြစ်ခဲ့ပါတယ်။ အဲဒါဆိုလို့ရှိရင် ကျွန်မတို့ရဲ့ ဒီ တရားဥပဒေစိုးမိုးမှုကို စိန်ခေါ်သလို ဖြစ်ပါတယ်။ ယခုထက်တိုင်လည်း တရားခံတွေကို ဖမ်းဆီးရရှိခြင်း မရှိသေးပါဘူး။ ဒီမှာ အလျဉ်းသင့်လို့ ပြောရမယ်ဆိုရင်တော့ ဒီ မင်္ဂလာဒုံမြို့နယ် လေးလောင်းပြိုင် အသတ်ခံရတဲ့အချိန်မှာ သတင်းပေးတဲ့ တာဝန်သိပြည်သူတစ်ဦးကို ရဲတပ်ဖွဲ့တွေ၊ CID ဝန်ထမ်းတွေကနေပြီးတော့ အကြိမ်ကြိမ် မေးခွန်းတွေ မေးတာ၊ ဓာတ်ပုံတွေ ရိုက်ယူတာ၊ ရဲတပ်ဖွဲ့ကနေ တကောက်ကောက် နောက်ယောင်ခံ လိုက်တယ်ဆိုတဲ့ ရဲလုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ဆောင်ရွက်နေတယ်ဆိုတာကိုလည်း ကျွန်မကို အကြောင်းကြားခဲ့ပါတယ်။

အဲဒီနေရာ၊ အဲဒီလေးလောင်းပြိုင်နေရာ ဆိုလို့ရှိရင်လည်း ဒီ မင်္ဂလာဒုံမြို့နယ်၊ လွှတ်တော် ကိုယ်စားလှယ်ရုံးနှင့် တစ်ရပ်ကွက်တည်းမှာရှိပြီးတော့ နီးကပ်စွာတည်ရှိနေတဲ့နေရာ ဖြစ်ပါတယ်။ ဒီ အင်းစိန်မြို့နယ်မှာ ဖြစ်သွားခဲ့တာတွေကတော့ သက်ငယ်မုဒိမ်းကို တရားခံကို ဖမ်းမိပြီးမှ ပြန်လွှတ်လိုက် ခြင်း၊ ကတ်ကြေးနဲ့ ထိုးတဲ့တရားခံကို တစ်ပတ်ကြာ မဖမ်းဘဲနဲ့ လွှတ်ထားတဲ့အတွက်ကြောင့် တရားခံက ထွက်ပြေးလွတ်မြောက်သွားခြင်း၊ CCTV မှာ ဖုန်းခိုးတာကိုတွေ့လို့ အကြောင်းကြားတယ်။ ဒီ CCTV မှာ သက်သေနဲ့အကြောင်းကြားပေမယ့်လည်း အရေးယူမှုမရှိခြင်း ဆိုတာကိုလည်း ရဲတပ်ဖွဲ့ အပေါ်နှင့် တရားဥပဒေစိုးမိုးမှုကို ပြည်သူတွေက ယုံကြည်မှု အားနည်းစေပါတယ်။ နောက် ညအချိန် မဆိုထားနှင့် နေ့အချိန်မှာတောင်မှ ဆိုင်ကယ်နဲ့ လုယက်ခြင်း၊ ဆွဲကြိုး၊ ပိုက်ဆံအိတ်တွေကို လုပြေးခြင်းတွေကိုလည်း ပေါ်ပေါ်ထင်ထင် ပြုလုပ်လာကြပါတယ်။ ပြီးခဲ့တဲ့အပတ် ကျွန်မ အင်းစိန်မြို့နယ်မှာပဲ ၁၇-၆-၂၀၁၇၊ နေ့လယ်(၁၁)နာရီမှာ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်မှာ လူတစ်စုကနေပြီးတော့ ဖုန်းနှင့် ပိုက်ဆံ တွေကို လုယက် ဆောင်ယူသွားပါတယ်။ ပြည်သူလူထုဟာ လုံခြုံမှုနည်းပါးတယ်လို့ ခံစားရပြီးတော့ စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ပြည်သူလူထု မလုံခြုံခြင်းဟာ နိုင်ငံတော်မလုံခြုံခြင်းနှင့် ထပ်တူကျပါတယ်။

သို့ဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုသည်မှာ သက်ဆိုင်ရာ တာဝန်ရှိသူများမှ မှုခင်းကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူများ၏ လုံခြုံရေးနှင့် တရား ဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် မည်ကဲ့သို့ စီစဉ်ချမှတ် ဆောင်ရွက်ထားခြင်းကို သိရှိလိုတဲ့ မေးခွန်း မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့

ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စား ရှင်းလင်းဖြေကြားသွားပါမယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါ တယ်။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်မှာ မြို့နယ်ရဲတပ်မှူးရုံး(၁)ရုံး၊ ဘီးလင်းမြို့မရဲစခန်း၊ တောင်စွန်းနယ်မြေရဲစခန်းနဲ့ ဝင်းက နယ်မြေရဲစခန်းတို့ ရှိပါတယ်။ ဘီးလင်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းရဲ့ ဖွဲ့စည်းပုံအင်အားဟာ အရာရှိ(၁၉)ဦး၊ အခြားအဆင့်(၇၇)ဦး၊ ပေါင်း(၉၆)ဦးရှိပြီးတော့ လက်ရှိမှာတော့ အရာရှိ(၁၄)ဦး၊ အခြားအဆင့်(၅၂)ဦး ပေါင်း(၆၆)ဦးရှိပါတယ်။ ဘီးလင်းမြို့ပေါ်မှာ ရဲတပ်ဖွဲ့ပိုင် မြေအဟောင်းနှင့် အသစ်ဆိုပြီး နှစ်နေရာရှိပြီးတော့ တစ်ခုနဲ့တစ်ခုဟာလည်း (၄)ဖာလုံခန့် ကွာဝေးပါတယ်။ ဘီးလင်းမြို့မရဲစခန်းဝင်း အဟောင်းအတွင်းမှာ တင်ပြပါအတိုင်း ဝန်ထမ်းနေအိမ် အဆောက်အအုံ(၁၂)လုံး၊ အခန်း(၃၀)ရှိပြီးတော့ ဘီးလင်းမြို့မရဲစခန်းဝင်းအသစ်မှာတော့ ဝန်ထမ်း နေအိမ်အဆောက်အအုံ(၇)လုံး၊ အခန်း(၂၆)ခန်း ရှိပါတယ်။ ဘီးလင်းမြို့မရဲစခန်းဝင်း အဟောင်းအတွင်း မှာရှိတဲ့အဆောက်အအုံများအနေနဲ့ ၁၉၆၇ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ လုံးချင်း(၂)လုံး၊ နှစ်ခန်းတွဲ(၁)လုံး တို့ဟာ ပြုပြင်သုံးစွဲလျက်ရှိပါတယ်။ လက်ရှိအခန်းတွေထဲက နှစ်ခန်းတွဲ(၁)လုံးကတော့ ပြုပြင်သုံးစွဲလို့ မရတဲ့အခြေအနေ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဆိုပါအဆောက်အအုံ(၄)လုံးတို့မှာ တည်ဆောက်ခဲ့တဲ့ ကာလလည်း ကြာမြင့်ပြီး လက်ရှိအခြေအနေမှာလည်း လူနေထိုင်ရန်မသင့်တော်တဲ့ အဆောက်အအုံ တစ်နိုင်ငံလုံး ရဲဌာနစာရင်းအရ (၁၅၉၈)လုံးဟာ လူနေထိုင်ဖို့မသင့်တော်တဲ့ အဆောက်အအုံများ ဖြစ်ကြောင်း စိစစ်ထားရှိပြီးလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၎င်းနေရာမှာ (၄)ခန်းတွဲ နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံ(၁)လုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလအသုံးစရိတ်မှာ ရန်ပုံငွေ တင်ပြတောင်းခံပြီး အစားထိုး ဆောက်လုပ်ပေးရန် လျာထား ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။ ရဲစခန်းဝင်း အသစ်အတွင်းမှာရှိတဲ့ အဆောက်အအုံတွေကတော့ လတ်တလော ပြုပြင်ရန်မလိုသေးတဲ့ အဆောက်အအုံများ ဖြစ်ပြီးတော့ စခန်းအတွင်း လူနေခန်း(၅၄)ခန်းရှိပြီးတော့ တပ်ဖွဲ့ဝင်မိသားစု (၄၉)ဦးနှင့် လူပျိုတပ်ဖွဲ့ဝင်(၁၇)ဦး နေထိုင် လျက်ရှိပါတယ်။ လက်ရှိပြုပြင်ရန်မလိုတဲ့ အဆောက်အအုံတွေကတော့ တင်ပြထားတဲ့ပုံအတိုင်းပဲ ဖြစ် ပါတယ်။ ကျွန်တော်တို့ တောင်စွန်းနယ်မြေ ရဲစခန်းမှာတော့ ဖွဲ့စည်းပုံအရာရှိ(၈)ဦး၊ အခြားအဆင့်(၃၇)ဦး၊ ပေါင်း(၄၅)ဦးရှိပြီးတော့ လက်ရှိမှာ အရာရှိ(၄)ဦး၊ အခြားအဆင့်(၂၆)ဦး၊ ပေါင်း(၃၀)ဦး တာဝန်ထမ်း ဆောင်လျက် ရှိပါတယ်။ ဝန်ထမ်းနေအိမ် အဆောက်အအုံ(၁၆)လုံးရှိပြီး လူနေခန်း(၄၆)ခန်း ရှိပါတယ်။ တောင်စွန်းနယ်မြေ ရဲစခန်းအဆောက်အအုံတွေက ၁၉၅၅ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့အဆောက်အအုံ တွေ ဖြစ်ပါတယ်။ ကာလလည်း ကြာမြင့်ပြီဖြစ်ပါတယ်။ လုံးချင်း(၂)လုံး၊ နှစ်ခန်းတွဲ(၄)လုံး၊ လေးခန်းတွဲ (၃)လုံး၊ ခြောက်ခန်းတွဲ(၂)လုံးတို့ကို လက်ရှိမှာတော့ ပြုပြင်နေထိုင်လျက်ရှိကြောင်း သိရှိရပါတယ်။

နှစ်ခန်းတွဲ(၄)လုံးကတော့ ပြုပြင်လို့ ရနိုင်သော်လည်းပဲ ကျန်လေးခန်းတွဲ(၁)လုံးကတော့ ပြုပြင်သုံးစွဲ၍ မရတော့တဲ့ အခြေအနေမှာပဲလည်းရှိပါတယ်။ အားလုံး ဒီအဆောက်အအုံ(၅)လုံးစလုံးဟာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဟောင်းနွမ်းဆွေးမြည့်ပြီး လူနေထိုင်ရန် မသင့်တော်တဲ့ အန္တရာယ်ရှိ အဆောက်

အအုံစာရင်းထဲမှာ ထည့်သွင်းထားရှိပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခြောက်ခန်းတွဲ(၂)ထပ် သံကူကွန်ကရစ်အဆောက်အအုံ(၁)လုံးကို လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ)အသုံးစရိတ်မှာ ရန်ပုံငွေ တင်ပြတောင်းခံပြီး အစားထိုး ဆောက်လုပ်ပေးရန် လျာထား ထားရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

ဝင်းက ရဲစခန်းကတော့ ဖွဲ့စည်းပုံအရ အရာရှိ(၁)ဦး၊ အခြားအဆင့်(၁၇)ဦး၊ ပေါင်း(၁၈)ဦး ရှိပြီးတော့ လက်ရှိမှာတော့ အရာရှိ(၁)ဦး၊ အခြားအဆင့်(၈)ဦး၊ ပေါင်း(၉)ဦး ရှိပါတယ်။ တင်ပြထားတဲ့အတိုင်း ဝန်ထမ်းနေအိမ်အဆောက်အအုံ(၂)လုံးရှိပြီးတော့ အခန်း(၅)ခန်း ရှိပါတယ်။ လူပျိုတပ်ဖွဲ့ဝင်(၄)ဦးနှင့် အိမ်ထောင်သည်တပ်ဖွဲ့ဝင်(၅)ဦး ပေါင်း(၉)ဦးရှိပြီးတော့ အိမ်ထောင်သည်တပ်ဖွဲ့ဝင်(၅)ဦးတို့ဟာ လူနေအခန်း(၅)ခန်းမှာ နေထိုင်လျက်ရှိပြီး လူပျိုတပ်ဖွဲ့ဝင်(၄)ဦးကတော့ စခန်းရုံးအတွင်းမှာ နေထိုင်လျက်ရှိပါတယ်။ ဝင်းက ရဲစခန်းမှာရှိတဲ့ အဆောက်အအုံတွေကတော့ လတ်တလောအရ ပြုပြင်ရန်မလိုအပ်သေးတဲ့ အဆောက်အအုံ အခြေအနေများဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် မိုက္ကရိုဝေ့ရဲစခန်း၊ ဘီးလင်းမြို့မရဲစခန်းမှာ တပ်ဖွဲ့ဝင်(၆)ဦး တာဝန်ချထားပြီးတော့ ၁၉၉၈ ခုနှစ်က ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့တဲ့ ဖက်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း အဆောက်အအုံ(၁)လုံးပဲ ရှိပါတယ်။ အဲဒီမှာတော့ မိသားစုတပ်ဖွဲ့ဝင်(၃)ဦးကတော့ ဒေသခံတွေဖြစ်တဲ့အတွက် ပြင်ပမှာပဲ နေထိုင်ကြရပါတယ်။ လူပျို(၃)ဦးကတော့ ရဲလုံခြုံရေးကင်းအဆောက်အအုံမှာပဲ နေထိုင်လျက်ရှိပါတယ်။ ဒီအဆောက်အအုံ အချို့ဟာ နှစ်ကာလကြာမြင့်ပြီး အသစ်ဆောက်လုပ်ရန် လိုအပ်လျက်ရှိကြောင်းလည်း မြေပြင်စစ်ဆေးချက်များအရ တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီး ဦးစားပေး အစီအစဉ်နဲ့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

သို့ပါ၍ ဘီးလင်းမြို့နယ်၊ ဘီးလင်းမြို့မရဲစခန်းရဲ့ (၄)ခန်းတွဲ နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံ(၁)လုံးနဲ့ တောင်စွန်းနယ်မြေရဲစခန်းမှာ (၆)ခန်းတွဲ နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံ(၁)လုံးတို့ကို ဆောက်လုပ်ပေးနိုင်ရေးအတွက်ကို လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ)အသုံးစရိတ် ရန်ပုံငွေ တင်ပြတောင်းခံသွားပြီး ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားပါမယ်။

ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တရားရုံးအသီးသီးမှာ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်သူတွေကို ဥပဒေနှင့်အညီ ပြစ်ဒဏ်များ ချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့သို့ပြစ်ဒဏ်ချမှတ်တဲ့ အပြစ်ပေးဝရမ်းတွေမှာတော့ ရာဇဝတ်မှုဆိုင်ရာ ဥပဒေများနှင့် တရားမဥပဒေများကို ဖောက်ဖျက်ကျူးလွန်မှုများအဖြစ်သာ ဖော်ပြထားကြောင်းလည်း တွေ့ရှိရပါတယ်။

ယခင်အစိုးရလက်ထက်မှာတော့ အစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များ ပါဝင်တဲ့ လက်ကျန် နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီကို ဖွဲ့စည်းပြီး နိုင်ငံရေးအကျဉ်းသား၊ နိုင်ငံရေးပြစ်မှု အဓိပ္ပာယ်ဖော်ဆောင်နိုင်ဖို့အတွက် ဆွေးနွေးမှုများရှိခဲ့သော်လည်းပဲ ပြီးမြောက်မှု မရှိကြောင်းလည်း သိရှိရပါတယ်။ ကော်မတီအနေနဲ့ကတော့ နိုင်ငံရေးအကျဉ်းသားဟု တင်ပြလာတဲ့ အမည်စာရင်းအပေါ်မှာသာ စိစစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ယခင်အစိုးရသက်တမ်းကာလ(၅)နှစ်အတွင်းမှာ နိုင်ငံတော်သမ္မတဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ လွတ်ငြိမ်းချမ်းသာခွင့် (၆)ကြိမ်နှင့် ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) အရ (၅၇)ကြိမ်၊ စုစုပေါင်း(၆၃)ကြိမ်မှာ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း(၅၃၆၄၂) ဦးကို လွှတ်ပေးခဲ့ပါတယ်။

လက်ရှိ အစိုးရသက်တမ်းကာလအတွင်းမှာတော့ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁) အရ လွှတ်ပေးခဲ့တဲ့(၅)ကြိမ်မှာ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း(၁၀၀)ဦးကိုလည်း လွှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁)ရာစုပင်လုံကို ကြိုဆိုသောအားဖြင့် နိုင်ငံသားအကျဉ်းသား(၁၈၆)ဦးနှင့် နိုင်ငံခြားသားအကျဉ်းသား (၇၃)ဦးတို့ကိုလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်သမ္မတက ၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှာ လွတ်ငြိမ်းချမ်းသာခွင့် ထပ်မံ ခွင့်ပြုပေးခဲ့ပါတယ်။ ၁၈၉၄ ခုနှစ်၊ အကျဉ်းထောင်လက်စွဲဥပဒေ အပိုင်း(၁)၊ အခန်း(၁၁) ပါ လျှော့ရက်ခံစားခွင့် ကောက်နုတ်ချက်များ အထူးလျှော့ရက် ခံစားခွင့်ပြုခြင်းနှင့် အကျဉ်းထောင်လက်စွဲနည်းဥပဒေအရ လျှော့ရက်ခံစားခွင့်ပြုခြင်းတွေကိုလည်း ပြဋ္ဌာန်းထားရှိပါတယ်။ ဒါကြောင့် အကျဉ်းထောင်လက်စွဲဥပဒေ အပိုဒ် ၈၄၈ အရ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အထူးလျှော့ရက်များကို ခံစားခွင့် ပြုနိုင်ပါတယ်။

ထိုသို့ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသားများ လျှော့ရက်ခံစားမှု မနစ်နာစေဘဲ စိစစ်ဆောင်ရွက်ပေးမှုများလည်း ပုံမှန်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အကျဉ်းထောင်လက်စွဲဥပဒေအပိုဒ် ၅၆၃ မှာ အကျဉ်းသားများ လွှတ်မယ့်ရက်ဟာ ရုံးပိတ်ရက်မှာ ကျရောက်နေပါက ယင်းရုံးပိတ်ရက်မတိုင်မီ(၁)ရက်မှာ လွှတ်ရမယ်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ ဒါကြောင့်လည်း ၂၀၁၇ ခုနှစ်၊ သင်္ကြန်ရုံးပိတ်ရက်များအတွင်း အထူးလျှော့ရက်အရ လွတ်ရက်ကျရောက်တဲ့အကျဉ်းသားများကို နောက်ဆုံး ရုံးဖွင့်ရက်ဖြစ်တဲ့ ဧပြီလ ၁၂ ရက်နေ့မှာ လွှတ်ပေးခဲ့တဲ့အခါမှာ အကျဉ်းသား(၁၉၁၅)ဦး၊ အကျဉ်းသူ(၂၄၂)ဦး စုစုပေါင်း(၂၁၅၇)ဦးကိုလည်း လွတ်မြောက်ပေးခဲ့ပါတယ်။

သို့ပါ၍ အကျဉ်းထောင်များမှာ ထိန်းသိမ်းထားရှိတဲ့ ပြစ်ဒဏ်ကျခံနေရသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်သမ္မတဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က/ခ)တို့အရ သင့်တော်သည့် အချိန်အခါတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားပါမယ်။

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ကံပြင်ကျေးရွာအုပ်စုမှာ စားကျက်မြေစုစုပေါင်း (၂၂၉.၈၉)ဧက ရှိပါတယ်။ အဆိုပါ စားကျက်မြေ (၂၂၉.၈၉)ဧကမှာ ကွင်းအမှတ်(၁၁၄၄)မှာ (၇၅.၈၉)၊ ကွင်းအမှတ်(၁၁၄၆)မှာ (၁၅၄)ဧကတို့ ဖြစ်ပါတယ်။ ပေါက်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ၂၉-၄-၂၀၀၅ ရက်စွဲပါစာနဲ့ ကံပြင်ကျေးရွာအုပ်စုကို ၂၀၀၅-၂၀၀၆ မိုးစပါးစိုက်ပျိုးရေး တာဝန်ပေးအပ်လွှာကို ပေးပို့ခဲ့ပါတယ်။ ထိုသို့ တာဝန်ပေးအပ်လာမှုအပေါ် ကံပြင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဟာ မိုးစပါးလျာထားချက် ပြည့်မီရေးအတွက် စိုက်ပျိုးနိုင်တဲ့မြေပေါ်မှာ စိုက်ပျိုးလုပ်ကိုင်စေရေးအတွက်ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

မိုးစပါးလျာထားချက် ပြည့်မီရေးဆောင်ရွက်ခဲ့တဲ့အခါမှာ ဒေသခံပုဂ္ဂိုလ်တစ်ဦးဟာ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ကံပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၄၄)မှာရှိတဲ့ စားကျက်မြေဧရိယာ (၇၅.၈၉)ဧကအနက်က(၁၂)ဧကကို ၂၀၀၅ ခုနှစ်ကနေစတင် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်အထိကို ၎င်းပုဂ္ဂိုလ်တစ်ဦးဟာ အမည်နှင့် စိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ကွင်းအတွင်းမှာ အနီးဆုံး မြေမျိုးရဲ့ မြေခွန်နှုန်းထားအတိုင်း မြေခွန်စည်းကြပ်မှုကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ သို့သော်လည်း ၂၀၁၁ ခုနှစ်မှစပြီး ၎င်းပုဂ္ဂိုလ်အား မြေခွန်စည်းကြပ်မှု မရှိတော့ပါကြောင်းနှင့် စားကျက်မြေပေါ်မှာ ကျူးလွန်စိုက်ပျိုးထားခြင်းကို မြေပုံပေါ်တွင် စားကျက်မြေအဖြစ် မှတ်သားထားရှိပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရလည်း သိရှိရပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကံပြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၄၄)၊ ကမ်းပိုင်ကြီးကွင်းမှာရှိတဲ့ ပုဂ္ဂလိကစိုက်ပျိုးထားတဲ့ မြေဧရိယာ (၁၂)ဧကဟာ မြေစာရင်းမှတ်ပုံတင် ၁(ခ)မှာ စားကျက်မြေအဖြစ် သတ်မှတ်ထားကြောင်း၊ ပေါက်တောမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို တင်ပြချက်အရ ပေါက်တောမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ရက်စွဲပါစာနှင့် ၎င်းစားကျက်မြေပေါ်မှာ ကျူးကျော်ထွန်ယက် စိုက်ပျိုးခြင်းကို မပြုရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အသိပေး အကြောင်းကြားခဲ့ပါတယ်။

သို့ပါ၍ စားကျက်မြေပေါ်မှာ စိုက်ပျိုးခဲ့တဲ့ ၎င်းပုဂ္ဂလိက ပုဂ္ဂိုလ်အနေဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ ရှေ့မှောက်မှာ ဝန်ခံကတိလက်မှတ်ရေးထိုးပြီးတဲ့အပြင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ကစပြီး စားကျက်မြေပေါ်မှာ ကျူးကျော်စိုက်ပျိုးခြင်းကိုလည်း မရှိတော့ပါကြောင်းနှင့် လက်ရှိအချိန်မှာ ၎င်းမြေကို မူလစားကျက်မြေအတိုင်း တည်ရှိထားရှိပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)

မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုး မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးဟာ ခရိုင်(၄)ခရိုင်၊ မြို့နယ်(၄၅)မြို့နယ်နှင့် ဖွဲ့စည်းထားပြီး လူဦးရေ (၇.၇)သန်းကျော် နေထိုင်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဟာ လူဦးရေထူထပ်ခြင်းနှင့် စီးပွားရေး အရ အလုပ်အကိုင် အခွင့်အလမ်း ပေါများခြင်းကြောင့်လည်း အနယ်နယ်အရပ်ရပ်မှာ လာရောက် လုပ်ကိုင်တဲ့ ရွှေ့ပြောင်းအလုပ်သမားများ များစွာရှိပါတယ်။ လူဦးရေ များပြားတာနဲ့အမျှ ရာဇဝတ်မှု ဖြစ်ပွားမှုအခြေအနေဟာလည်း အခြားဒေသများထက် ပိုမိုဖြစ်ပွားတဲ့အခြေအနေများရှိကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

အဆိုပါ အခြေအနေများကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ဖွဲ့စည်းပုံအင်အားရဲ့(၄၇.၆၉) ရာခိုင်နှုန်းနဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်လျက် ရှိသော်လည်းပဲ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အတွက်တော့ ဖွဲ့စည်းပုံအင်အားရဲ့ (၇၇.၆၉)ရာခိုင်နှုန်းအထိ အင်အားများ တိုးမြှင့်ပြီး တာဝန်ချထားကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဟာ တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ပိုမိုထိရောက် အောင်မြင်မှုရှိစေရေးအတွက် ရပ်ရွာနေပြည်သူများ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပူးပေါင်း ဆောင်ရွက်တဲ့ ရပ်ရွာအခြေပြုရဲလုပ်ငန်း (Community Based Policing) ကို မြို့နယ်(၂၅)မြို့နယ်မှာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကြိုတင်ကာကွယ် ရေးနှင့် မှုခင်းကျဆင်းရေးအတွက်ကို ခရိုင်၊ မြို့နယ်များအလိုက် မော်တော်ယာဉ်လှည့်ကင်း၊ ဆိုင်ကယ် လှည့်ကင်း၊ စက်ဘီးလှည့်ကင်းနှင့် ခြေလျင်လှည့်ကင်းတွေကို မြို့နယ်ချင်း ချိတ်ဆက်ပြီးတော့ ဆောင်ရွက် လျက်ရှိပါတယ်။ မော်တော်ယာဉ်လှည့်ကင်းအနေနဲ့လည်း ခရိုင်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူးများဦးစီးတဲ့ လှည့်ကင်းအဖွဲ့တွေဟာ ညဦးပိုင်းလှည့်ကင်းနဲ့ ညနက်ပိုင်းလှည့်ကင်းများ အလှည့်ကျစနစ်နှင့် ဆောင်ရွက်စေလျက်ရှိပါတယ်။

ဒီလို လှည့်ကင်းတွေ ဆောင်ရွက်နိုင်ဖို့အတွက်လည်း မော်တော်ယာဉ် (၄၆)စီး ဖြည့်ဆည်း ထားရှိပြီးတော့ သက်ဆိုင်ရာ မြို့နယ်များမှာရှိတဲ့ မှုခင်းဖြစ်ပွားနိုင်တဲ့ နေရာနဲ့ မှုခင်းဖြစ်ပွားရန် အလား အလာရှိတဲ့ နေရာတွေမှာလည်း Mobile Police Box များဖြင့် ကင်းလှည့်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ပြည်သူမှ သတင်းပေးလိုတဲ့ အခါတွေမှာလည်း၊ အကူအညီတောင်းခံလိုတဲ့ အခါတွေမှာပဲ ဖြစ်ဖြစ် ရဲတပ်ဖွဲ့နဲ့ ချိတ်ဆက်နိုင်ဖို့အတွက်လည်း Call Centre တွေကို ဖွင့်လှစ်ထားရှိပြီး လှည့်ကင်းဆောင်ရွက်တဲ့ ယာဉ်များကို ဆက်သွယ်ရေးစနစ်များနှင့် ချိတ်ဆက်ပြီး မှုခင်းဖြစ်ပွားတဲ့နေရာ တွေကို အချိန်နဲ့တစ်ပြေးညီ ရောက်ရှိစေရေးကိုလည်း စီမံဆောင်ရွက်လျက် ရှိပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့နယ်မှာ ယာဉ်သွားလာမှု ထိန်းချုပ်ရေးစင်တာ (Traffic Control Center) ကနေပြီး တော့ ယာဉ်သွားယာဉ်လာရှုပ်ထွေးတဲ့ လမ်းဆုံမီးပွိုင့်(၁၅၄)ခုမှာ CCTV ကင်မရာအလုံး(၇၀၀) တပ်ဆင် ပြီး မီးပွိုင့်ထိန်းချုပ်ရေးစနစ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ပြစ်မှုကျူးလွန်တဲ့ တိုက်ပြေးယာဉ်များ ပြစ်မှုတစ်ခုခုကျူးလွန်ပြီး ယာဉ်ပစ်ထွက်ပြေးသူများ၊ မော်တော်ယာဉ် ပျောက်ဆုံးမှုများကိုလည်း စောင့်ကြည့်ရှာဖွေ ဖော်ထုတ်ဖမ်းဆီး အရေးယူလျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါတဲ့ မှုခင်းများနဲ့ ပတ်သက်ပြီး အကျဉ်းချုပ်တင်ပြလိုပါတယ်။ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ပတ္တမြားမြို့သစ်၊ မြေအေးချမ်း လမ်းမှာနေတဲ့ မိသားစုဝင်(၄)ဦး နေအိမ်အတွင်းမှာ အသတ်ခံရတဲ့ မှုခင်းနှင့်ပတ်သက်ပြီးတော့ မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ မှုခင်းရဲတပ်ဖွဲ့မှ အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းပြီးတော့လည်း စုံစမ်းစစ်ဆေး ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် မေးခွန်းမှာပါရှိတဲ့ အင်းစိန်မြို့နယ်မှာ တစ်ညတည်း (၃)အိမ် ဆက်တိုက် ဖောက်ထွင်းခံရမှုနဲ့ ပတ်သက်လို့လည်း လက်ရှိအခြေအနေမှာ အမှုဖွင့်ထားခြင်း မရှိသော် လည်းပဲ ရဲစခန်းအနေနဲ့ တခြားခိုးမှုများမှ တရားခံများ ဖမ်းဆီးရရှိမှုမှာ အဆိုပါဖြစ်စဥ်များနဲ့ဆက်စပ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အင်းစိန်မြို့နယ်မှာဖြစ်ပွားခဲ့တဲ့ သက်ငယ် မုဒိမ်းမှုနဲ့ စပ်လျဥ်းပြီးတော့လည်း ဖြစ်စဥ်ဖြစ်ပွားခဲ့ပြီးတဲ့နောက် ၁၃-၆-၂၀၁၆ ရက်နေ့မှာ အမှုဖွင့်ထားပြီး မြောက်ပိုင်းခရိုင်ကနေပြီး အမှုသေးအမှတ် (၁၁၉/၂၀၁၆) နဲ့လည်း လက်ခံစစ်ဆေး ဆောင်ရွက်လျက် ရှိပါတယ်။ အင်းစိန်မြို့နယ်အတွင်းမှာဖြစ်ပွားခဲ့တဲ့ ကတ်ကြေးထိုးမှုနှင့် ပတ်သက်လို့လည်း ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှာ တရားခံကို ဖမ်းဆီးရမိခဲ့ပြီး တရားစွဲဆိုဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ကျွန်တော် အောက်မင်္ဂလာဒုံလမ်း၊ အောင်သိဒ္ဓိစတိုးဆိုင်မှာ လက်ကိုင်ဖုန်း ပျောက် ဆုံးမှုနဲ့ ပတ်သက်လို့လည်း အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့တဲ့အခါမှာ မှော်ဘီမြို့မရဲစခန်းမှာ ဆိုင်ကယ် ခိုးမှုနဲ့ ဖမ်းဆီးရမိသူတစ်ဦးဟာ ၎င်း အောင်သိဒ္ဓိစတိုးဆိုင်မှ တယ်လီဖုန်းခိုးယူကြောင်းကိုလည်း ဝန်ခံ ထွက်ဆိုခဲ့ပါတယ်။ ဒါကြောင့်လည်း ၎င်းကို ဥပဒေနှင့်အညီ ဆက်လက်တရားစွဲဆိုနိုင်ရေး ဆောင်ရွက် လျက်ရှိပါကြောင်း ထည့်သွင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဟာ တိုင်းဒေသကြီး အတွင်းဖြစ်ပွားလျက်ရှိတဲ့ မှုခင်းများကို စုံစမ်းဖော်ထုတ်ပြီး တရားရုံးများသို့ တရားစွဲတင်ပို့ခြင်း၊ ပြစ်မှု ကျူးလွန်ခြင်းများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ရရှိရေး၊ တရားရုံး၊ ဥပဒေရုံးများနှင့် ပေါင်းစပ်ဆောင်ရွက် လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အမှုဖြစ်ပွားမှု၊ စွဲဆိုမှု၊ ပိတ်သိမ်းမှု အခြေအနေကိုလည်း အကျဉ်းချုပ်တင်ပြလိုပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်၊ မေလအထိ အမှုကြီး(၁၀)မျိုးအနေနဲ့ (၆၆၆)မှု ဖြစ်ပွားခဲ့ပြီးတော့ (၅၄၉)မှုကို တရားစွဲတင်နိုင်ခဲ့ပြီး (၁၅)မှု ပိတ်သိမ်းတဲ့အတွက် အမှုလက်ကျန် အနေနဲ့ (၁၀၂)မှုကျန်ရှိကြောင်း တင်ပြအပ်ပါတယ်။ အခြားအမှု(၁၀)မျိုး ဖြစ်ပွားမှုမှာတော့ (၂၁၅၀၅)မှု ဖြစ်ပွားခဲ့ ပြီးတော့ (၁၅၀၄၆)မှုကိုတော့ တရားစွဲတင်နိုင်ခဲ့ပါတယ်။ (၁၅၅၁)မှု ကိုတော့ အမှုပိတ်သိမ်းခဲ့တဲ့အတွက် လက်ကျန်အမှုအနေနဲ့လည်း (၄၉၀၈)မှုကျန်ရှိနေကြောင်းလည်း တင်ပြအပ်ပါတယ်။ ကြိုတင်ကာကွယ်မှု (၁၀)မျိုး အနေနဲ့ ဖြစ်ပွားမှုအမှု စုစုပေါင်း(၆၂၉၈၀)ဖော်ထုတ် ဖမ်းဆီး အရေးယူခဲ့ပြီးတော့ (၆၁၇၅၈)မှုကို တရားစွဲတင်နိုင်ခဲ့ပါတယ်။ (၂၄၆)မှု အမှုပိတ်သိမ်းခဲ့တဲ့ အတွက် (၉၈၃)မှု လက်ကျန် ကျန်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ တရားခံပြေးများ ပြစ်မှု ထပ်မံကျူးလွန်နိုင်တဲ့ အတွက်ကြောင့်မို့လို့ ဖမ်းဆီးရမိရေး စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့်မို့လို့ ၂၀၁၅ ခုနှစ်မှာ တရားခံပြေး(၃၃၉၈)ဦး၊ ၂၀၁၆ ခုနှစ်မှာ (၂၃၁၂)ဦးနဲ့ ၂၀၁၇ ခုနှစ်၊ မေလအထိ (၉၅၆)ဦးကိုလည်း တရားခံပြေးများအဖြစ် ဖမ်းဆီးရမိ နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ နှစ်စဉ် မူခင်းကျဆင်းရေးအတွက် မူခင်းအများဆုံးဖြစ်ပွားတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ အများဆုံးဖြစ်ပွားတဲ့ မူခင်းတွေအပေါ်မှာ စိစစ်သုံးသပ်ပြီး မူခင်းကျဆင်းရေးကိုလည်း စီမံချက်များ ရေးဆွဲဆောင်ရွက်လျက် ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးလုပ်ငန်းများကို ထိထိမိမိဆောင်ရွက်နိုင်ဖို့အတွက်ကိုလည်း စွန်ရဲစီမံချက်ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့က စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဟာ ပြည်သူလူထုကို မူခင်းအသိပညာနှင့် ဥပဒေအသိပညာပေးခြင်းလုပ်ငန်းတွေကိုလည်း မြို့ပေါ်နဲ့ ကျေးလက်ဒေသများပါမကျန် လူတန်းစားအလွှာအသီးသီးကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့အတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ လက်ကမ်းစာစောင်တွေကနေတစ်ဆင့် မူခင်းအသိပညာပေးခြင်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး ဆောင်ရွက်ရာမှာ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေဖို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်း Community Policing နှင့် ရပ်ရွာအခြေပြုရဲလုပ်ငန်း Community Based Policing တွေကိုလည်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူတို့၏ဘဝ လုံခြုံရေးနှင့် ရပ်ရွာများတွင် တရားဥပဒေစိုးမိုးရေးအတွက် မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွင်း မူခင်းအသိပညာပေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းနှင့် ရပ်ရွာနေပြည်သူလူထုအခြေပြု ရဲလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဖြစ်ပွားခဲ့တဲ့အမှုများကို လက်ကျန်မရှိအောင် စုံစမ်းဖော်ထုတ် တရားစွဲတင်ပြီး ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ပြစ်ဒဏ်ရရှိစေရေးကိုလည်း သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် နိုင်ငံအတွင်းမှာရှိတဲ့ ပြေး(၄) ပြေး တရားခံများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ နွားရုံတောင်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ နွားရုံတောင်ကျေးရွာ၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ အမ်းမြို့နယ်၊ နွားရုံတောင်ကျေးရွာအုပ်စု၊ နွားရုံတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဟာဆိုရင် ၁၉၉၅ ခုနှစ်က မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ပြီးတော့ အခုအချိန်အခါမှာ ကျေးရွာမှာ လူဦးရေများပြားလျက်ရှိပါတယ်။

၂၀၀၁-၂၀၀၂ ခုနှစ်ကနေပြီးတော့ အဆင့်မြင့်ပညာကို ဒီ အလယ်တန်းကျောင်း(ခွဲ)အဖြစ် ပညာသင်ကြားခွင့်ရရှိခဲ့ပါတယ်။ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်နှစ်အတွက် များပြားလာခြင်း၊ သင်ကြားရေးမှာ ဆရာ၊ ဆရာမ မလုံလောက်တဲ့အခက်အခဲများစွာလည်း ရှိတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ အခုအချိန်ခါမှာတော့ ဒီ နွားရုံတောင်ကျေးရွာကနေပြီးတော့ ပင်မကျောင်းနဲ့ အ.ထ.က ကျောင်းနဲ့ (၉)မိုင်ခန့် ကွာဝေးပြီးတော့ အမ်းမြို့နယ်နဲ့လည်း မိုင်ပေါင်း(၃၀) ကွာဝေးပါတယ်။ အလယ်တန်းကျောင်းအဆင့် ကျောင်းသူ၊ ကျောင်းသား(၁၉၁)ဦး စုစုပေါင်း(၃၉၃)ဦးနဲ့ ဆရာ၊ ဆရာမ(၁၅)ဦးနဲ့ ပညာသင်နေတဲ့ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ကျောင်းဆောင်အနေနဲ့ (၂)ဆောင်ရှိပြီးတော့ ကျောင်းပရိဘောဂလုံလောက်ခြင်း၊ မိဘ၊ ဆရာ အသင်းများမှလည်း ပညာရေးအပေါ် စိတ်ဝင်စားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒ့ါအပြင် အနီးပတ်ဝန်းကျင်မှာရှိတဲ့ အ.လ.က(ခွဲ) အဝပြင်(၁)၊ မူလတန်းကျောင်းများဖြစ်ကြတဲ့ တောင်မော်၊ ကံကျွန်းကြီး၊ ဆတ်ကျပြင်၊ မျောက်ကိုက် ဒီရွာနဲ့လည်း အခုအဆင့်မြင့် တိုးမြှင့်ရန် လိုအပ်တဲ့ကျောင်းက အနီးတစ်ဝိုက်မှာနေပြီးတော့ တစ်ဆက်တစ်စပ်တည်းရှိတဲ့ကျောင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်မှာဖြစ်ထွန်းလာမယ့်အလားအလာကို ကြိုတင်ခန့်မှန်းကြည့်မယ် ဆိုလို့ရှိရင် အဲဒီနိုင်ငံရဲ့ဘတ်ဂျက် ပညာရေးမှာ ဘယ်လောက် ရင်းနှီးမြှုပ်နှံထားသလဲ ဆိုတဲ့မေးခွန်းကို ဖြေထားတဲ့အဖြေပေါ်မှာ မူတည်ပါတယ်။ လူသားစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အခြေခံပညာရေးဟာ မဖြစ်မနေ လိုအပ်တဲ့အဆောက်အအုံများကို ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။ ဒီကျောင်းတွေနဲ့ပတ်သက်ပြီးတော့

ကျွန်မတို့ မြို့နယ်ပညာရေးမှူးနှင့် တွေ့ဆုံတဲ့အခါမှာ ကျွန်မတို့ အမ်းမြို့နယ်ရဲ့ အဆင့်မြှင့် တိုးတက်အောင် လုပ်မယ့်ကျောင်းများ လိုအပ်ခြင်းအပြင် ကျောင်းရဲ့ စစ်ဆေးရေးလုပ်ငန်းတွေကို လုပ်ကိုင်တဲ့နေရာ မှာလည်း လက်ထောက်မြို့နယ်ပညာရေးမှူး ခွဲဝေ(၈)ဦး ရှိရမယ့်အစား ကျွန်မတို့ အမ်းမြို့နယ်မှာ (၁)ဦးပဲရှိပါတယ်။ ဒါကြောင့် စစ်ဆေးရာမှာ မနိုင်မနင်းဖြစ်ပါတယ်။

နောက်တစ်ခုက ဒီ မကြာသေးမီက တက္ကသိုလ်ဝင်တန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်ချက်ဇယားကို ကြည့်လိုက်လို့ရှိရင် ကျွန်မတို့ ရခိုင်ပြည်နယ်ဟာ (၁၇.၁၆)ရာခိုင်နှုန်းသည် တစ်နိုင်ငံလုံးအားဖြင့်နေပြီးတော့ အောက်ဆုံးမှာရှိပါတယ်။ ဒါ ဆက်စပ်ပြီးတော့ ၂၀၁၃ ခုနှစ်ကနေ ပတ်သက်ပြီးတော့ ဖော်ပြခဲ့တဲ့ ခုနှစ်တွေက ကြည့်မယ်ဆိုလို့ရှိရင် ဒီအတိုင်းပဲ တိုးတက်လာတာ မတွေ့ ရပါဘူး။ ကျွန်မရဲ့မေးခွန်းနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီနေရာမှာ အလျဉ်း သင့်လို့ တင်ပြချင်တာရှိပါတယ်။ မနေ့က ပြည်ထောင်စုလွှတ်တော်မှာနေပြီးတော့ အမျိုးသားပညာရေး ကော်မရှင် အစီရင်ခံစာနှင့် ပြန်လည်ရှင်းလင်းတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီးအဆင့် ပညာရေး ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ရှင်းလင်းတဲ့အခါမှာ ဒီ တွဲကျောင်းများနဲ့ ပတ်သက်ပြီးတော့ ခိုးတွဲကျောင်း ဆိုပြီးတော့ သုံးနှုန်းသွားပါတယ်။ ဒီလိုမျိုး အသုံးအနှုန်းကနေပြီးတော့ ကျွန်မတို့ ပညာရေးကဏ္ဍမှာ အခုလိုမျိုး အဆင့်မြင့် တိုးမြှင့်ဖို့အတွက် တရားမဝင်မလုပ်ခင် Process မပြီးခင်မှာ အခြေအနေ အခက်အခဲကို ဖြေရှင်းနေရတဲ့အခြေအနေလို့ပဲ ကျွန်မတို့ သုံးသပ်ပါတယ်။ ကျွန်မ သွားတဲ့အခါမှာ လည်း ကျွန်မမဲဆန္ဒနယ်မှာ ခုလိုပဲ အခက်အခဲတွေကို မြေပြင်မှာ လတ်တလော ဖြေရှင်းနေရတဲ့ အ ခြေအနေရှိပါတယ်။ ဒီလိုမျိုး ခိုးတွဲကျောင်းလို့ သုံးနှုန်းလိုက်ခြင်းက ကျွန်မတို့ ဒီကျောင်းတွေမှာ သင်နေကြတဲ့ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ တရားဝင်ရဲ့လားဆိုတဲ့ မေးခွန်းကို ကျွန်မတို့ မေးခွန်းမေးရမှာ ဖြစ်ပါတယ်။ ဒီ ဆရာ၊ ဆရာမတွေရဲ့ ကျောင်းသူ၊ ကျောင်းသားများ တရားဝင် မဖြစ်ခင်မှာ ဆောင်ရွက်နေကြရတဲ့ ဒီအခြေအနေကို ခိုးတွဲကျောင်းလို့ သုံးနှုန်းလိုက်ခြင်းဟာ ဆရာ၊ ဆရာမနဲ့ ကျောင်းသူ၊ ကျောင်းသားများရဲ့ ဂုဏ်သိက္ခာကို ထိခိုက်တယ်လို့ ကျွန်မကတော့ စိုးရိမ်မကင်း ဖြစ်မိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ အမ်းမြို့နယ်၊ န္တားရုံတောင် အလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် တိုးမြှင့် ပေးမယ်ဆိုပါက ယခုနှစ်မှာ ၂၀၁၇-၂၀၁၈ မှာ တိုးမြှင့်ဖို့အခြေအနေ ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**B.Ed (Bachelor of Education) ပညာရေးဘွဲ့တက်ရောက်ခွင့်၊ P.P.T.T (Pre - Primary Teacher Training) မူလတန်းကြို ဆရာ၊ ဆရာမ သင်တန်းတက်ရောက်ခွင့်နှင့် နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမများအတွက် ဝင်ခွင့်ဖြေဆိုစရာ မလိုဘဲ လုပ်သက်၊ ဘွဲ့(ဒီဂရီ) သတ်မှတ်ပြီး တက်ရောက်ခွင့် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် က B.Ed (Bachelor of Education) ပညာရေးဘွဲ့ တက်ရောက်ခွင့်၊ P.P.T.T (Pre - Primary

Teacher Training) မူလတန်းကြို ဆရာ၊ ဆရာမ သင်တန်းတက်ရောက်ခွင့်နှင့် နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမများအတွက် ဝင်ခွင့်ဖြေဆိုစရာ မလိုဘဲ လုပ်သက်၊ ဘွဲ့(ဒီဂရီ) သတ်မှတ်ပြီး တက်ရောက် ခွင့်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မေးခွန်း လာရောက်ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အခြေခံပညာ ကျောင်းဆရာ၊ ဆရာမများနဲ့ ပတ်သက်တဲ့ မေးခွန်း ဖြစ်ပါတယ်။ B.Ed ပညာရေးဘွဲ့ တက်ရောက်ခွင့်၊ P.P.T.T (Pre - Primary Teacher Training) မူလတန်းကြို ဆရာ၊ ဆရာမ သင်တန်းတက်ရောက် ခွင့်နှင့် နေ့စားလပေးဖြစ်တဲ့ မူလတန်းပြအတွက် ဝင်ခွင့်နဲ့ပတ်သက်တဲ့ အဲဒါတွေကို ဖြေစရာမလိုဘဲနဲ့ လုပ်သက် သို့မဟုတ် (ဒီဂရီ)ဘွဲ့ သတ်မှတ်ပေးရေး၊ သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျွန်တော်တို့ အခြေခံပညာဦးစီးဌာန ကျောင်းဆရာ၊ ဆရာမများနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ဘွဲ့ရ B.A, B.Sc နဲ့ အခြားဘွဲ့ရတဲ့ ဆရာ၊ ဆရာမများ ဟာဆိုရင် အလုပ်ဝင်တယ်၊ ဝင်ခဲ့ကြပြီးတော့မှ အလယ်တန်းပြရယ်၊ နောက် ကျွန်တော်တို့ မူလတန်း ကျောင်းအုပ် ဆရာ၊ ဆရာမတွေဟာ ဆိုလို့ရှိရင် ရာထူးတိုးဖို့အတွက်ကို B.Ed ဝင်ခွင့် ဖြေကြရပါတယ်။ အဲဒီလို B.Ed ဝင်ခွင့် ဖြေတဲ့နေရာမှာလည်း ကျွန်တော်တို့ ကာလသတ်မှတ်ချက်တွေရှိတဲ့အတွက် ကြောင့်မို့လို့ တဖြေးဖြေးနဲ့ အသက်တွေကြီးလာပြီးတော့မှ ဖြေတဲ့အခါမှာ အသက်ငယ်တဲ့ ဆရာ၊ ဆရာမများနဲ့ ပြိုင်ပြီးမှ ဖြေရပါတယ်။ ဖြေတဲ့အခါမှာလည်း ကျွန်တော်တို့ ဝင်ခွင့်ဟာ အောင်ဖို့ဟာ ခဲယဉ်းပါတယ်။ ခဲယဉ်းပေမယ့်လည်း သူက တကယ်လို့ ရေးဖြေအောင်ခဲ့ပေမယ့်လည်း ကျွန်တော်တို့ နှုတ်ဖြေကြရင် များသောအားဖြင့် မအောင်မြင်တာ များပါတယ်။ အဲဒီလိုနဲ့ ကျွန်တော်တို့ အခြေခံ ပညာဦးစီးဌာနမှာ B.Ed သင်တန်းတက်ရောက်ခွင့်နဲ့ ပတ်သက်ပြီးတော့မှ ရာထူးတိုးဖို့အတွက်ဆိုရင် တချို့ဆရာ၊ ဆရာမတွေ ဆိုလို့ရှိရင် အသက်တွေကြီးပြီးတော့မှ မိမိရာထူး အလယ်တန်းပြ မူအုပ်ဘဝ နဲ့ပဲ ပင်စင်ယူသွားရတဲ့အနေအထား ဖြစ်ပါတယ်။

တကယ်လို့ သူက သတ်မှတ်ချက် ရှိပါတယ်။ အလယ်တန်းပြ မူအုပ်ဘဝနဲ့ လုပ်သက် (၂၅)နှစ်ရှိမယ်ဆိုလို့ရှိရင် သူက အထက်တန်းပြဆရာအဖြစ်ကို မျှော်လင့်ချက် ရှိပေမယ့်လည်း တကယ်လို့ သူ့ရဲ့ရှေ့မှာ တန်းစီဆရာ၊ ဆရာမ များနေတဲ့အတွက်ကြောင့်မို့ ရာထူးတိုးဖို့ သိပ်မသေချာ ပါဘူးတဲ့။ ဒါ ဒေသခံတွေရဲ့ ဆရာ၊ ဆရာမတွေ ပြောပြချက်အရ ကျွန်တော် သိရတာပါ။ နောက်ပြီး တော့မှ ကျွန်တော်တို့ B.A, B.Sc နဲ့ အခြားဘွဲ့ရတဲ့၊ ဆရာ၊ ဆရာမ ဘွဲ့ရထားတဲ့သူတွေကို P.P.T.T လို့ ခေါ်တဲ့ မူလတန်းကြိုဆရာ၊ ဆရာမတွေ ခေါ်တဲ့နေရာမှာလည်း အတူတူပဲ။ သူက ဝင်ခွင့်ဖြေရပါတယ်။

ဝင်ခွင့်က ဖြေလို့ ရေးဖြေအောင်ခဲ့ပေမယ့်လည်း နှုတ်ဖြေမှာ ကျတာတွေ များပါတယ်။ တကယ်လို့ အဲဒီလိုနဲ့ ဖြေရင်းဖြေရင်းနဲ့ အသက်က(၃၀)ကျော်သွားလို့ရှိရင် နောက်ထပ် ဖြေခွင့်မရတော့ဘဲနဲ့ အပြင်မှာ အလုပ်လက်မဲ့ဘဝနဲ့ပဲ မိမိရဲ့ဘဝကို နိဂုံးချုပ်ရတဲ့အနေအထားမျိုး ဖြစ်ပါတယ်။

ထိုနည်းတူစွာပဲ ကျွန်တော်တို့ အဲဒီလို ဘွဲ့ရထားတဲ့ ပုဂ္ဂိုလ်များဟာ ကျွန်တော်တို့ ဒီ P.P.T.T မှာ မအောင်ဘဲနဲ့ နေ့စားလပေး ဖြေတဲ့အခါမှာ သူက ဝင်ခွင့်ဖြေရပါတယ်။ အဲဒီ ဝင်ခွင့်ဖြေတဲ့ ဟာလည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရလက်အောက်မှာ ဖြေရတယ်ဆိုပေမယ့်လည်း သူက ဝင်ခွင့်ကြောင့်မို့ အတားအဆီးဖြစ်ပြီးတော့မှ ကျွန်တော်တို့ ပြည်နယ်မှာရှိတဲ့ ဘွဲ့ရလူငယ်များဟာ ဆိုလို့ရှိရင် ဒီဝင်ခွင့်က အရှေ့ကနေ ကာထားလို့ ဖြစ်နေတဲ့အတွက်ကြောင့်မို့ ဒီ ဝင်ခွင့်ကြောင့်မို့ ကျွန်တော်တို့ တောရွာမှာရှိတဲ့ ဘွဲ့ရ အလုပ်လက်မဲ့၊ ဘွဲ့ရလူငယ်လေးများဟာဆိုလို့ရှိရင် ဒီ ဝန်ထမ်း ဖြေဆိုခွင့်ရဲ့ အတားအဆီးတစ်ခုအတွက်ကြောင့်မို့လို့၊ ဘွဲ့ရပြီးတော့ အလုပ်လက်မဲ့တွေများနေတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ရှေးဦးမေတ္တာ ပို့သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ်၊ အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ထုမေ ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ နွားရုံတောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး တင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စား လှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တွင် သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှုအရ၊ သတ်မှတ်မူဘောင်အရ ကိုက်ညီလို့ အဆင့်တိုးမြှင့် ပေးခဲ့သော အခြေခံပညာကျောင်းများ(၄၁၂)ကျောင်း ရှိပါတယ်။ သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီ မှုမရှိသော်လည်း ပင်မကျောင်းနှင့် သတ်မှတ်ခရီးကွာဝေးတဲ့ ပိုမိုကွာဝေးသဖြင့် သင်ယူမှုအခွင့် အလမ်းရရှိစေရန် ရည်ရွယ်ဖြေလျှော့ အဆင့်တိုးမြှင့်ပေးခဲ့သော အခြေခံပညာကျောင်းပေါင်း(၄၆၈၇) ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း(၅၀၉၉)ကျောင်းကိုလည်း သက်ဆိုင်ရာ ကျောင်းအဆင့်

အသီးသီးသို့ တိုးမြှင့်ပေးခဲ့ပါကြောင်း တင်ပြပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အမ်းမြို့နယ်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၁၁)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၁)ကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ စုစုပေါင်း ဒီနှစ်မှာ(၂၃)ကျောင်း အမ်းမြို့နယ်အတွင်း တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီ အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်း Sanction အဖြစ်သို့ အဆင့်တိုးမြှင့်ပေးနိုင်ရန် သတ်မှတ်မှုအရ အလယ်ဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၂၄၀)ဦးနှင့် အထက်ရှိရမှာ ဖြစ်ပါတယ်။

သို့သော် ဒီ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ နွားရုံတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဟာ ကိုယ်စားလှယ်ကြီး တင်ပြချက်အရလည်းကောင်း၊ ကျွန်တော်တို့ဝန်ကြီးဌာန စစ်ဆေးချက်အရလည်းကောင်း၊ ပင်မကျောင်းဖြစ်တဲ့ မင်းတကက် အခြေခံပညာအထက်တန်းကျောင်းနှင့် ကုန်းလမ်းခရီး(၉)မိုင် ကွာဝေးကြောင်း တင်ပြပါတယ်။ ဒါကြောင့်မို့လို့ ယခုလက်ရှိ ကျောင်းသား (၁၇၆)ဦးသာ ရှိသော်လည်း ကျွန်တော်တို့ ဖြေလျှော့ပြီး ယခုလာမယ့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကျောင်းအဆင့် တိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးသည့်အချိန်တွင် ကျောင်းအဆင့် တိုးမြှင့်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ဒီ ခုနက ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတဲ့အထဲမှာ ကျွန်တော်တို့ မနေ့က ပြည်ထောင်စုဝန်ကြီး ဆွေးနွေးတဲ့ဟာလေးကို ကျွန်တော် ဖြည့်စွက် တင်ပြလိုပါတယ်။ တကယ့်စိစစ်တိုးတို့၊ စီမံဘဏ္ဍာတို့အရ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှာ ဖွဲ့စည်းပုံသည် အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း ဒါပဲ တရားဝင်သတ်မှတ်ထားတာ ရှိပါတယ်။

သို့သော် ကျွန်တော်တို့ ခေတ်အဆက်ဆက် အစိုးရအသီးသီးသည် ဒါ ခွင့်ပြုထားတဲ့ဘဏ္ဍာငွေအရလည်းကောင်း၊ ခွင့်ပြုထားတဲ့ ဖွဲ့စည်းပုံအရလည်းကောင်း၊ တိုးတက်ပြီးတော့ ပညာသင်ကြားရေးကို ဆောင်ရွက်နိုင်ရန် နည်းမျိုးစုံနှင့် ကြိုးပမ်းခဲ့ပါတယ်။ အဲဒီတော့ အခြေခံပညာမူလတန်းကျောင်းလေးကို အခြေခံပညာမူလတန်းကျောင်း(ခွဲ)လို့ သတ်မှတ်ပြီးတော့ အလယ်တန်းပညာကို ဆက်သင်ကြားခွင့်ရရန် မူလ Sanction ကြီး မရခင်မှာ ပြင်ဆင်ထားလေ့ ရှိပါတယ်။ အဲဒီလိုအခြေအနေမျိုးကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တင်ပြချက်သည် ခေတ်အဆက်ဆက် အစိုးရများတွင် မိမိရှိရင်း Capacity ထဲကနေကျော်ပြီးတော့ လုပ်နိုင်တဲ့လုပ်ငန်းကို ကြိုလုပ်တဲ့အနေအထားလေး ဆောင်ရွက်ခဲ့ကြောင်းသာ တင်ပြခြင်းဖြစ်ပါတယ်။ အသုံးအနှုန်းအားဖြင့် အဓိပ္ပာယ်က ခုနအဓိပ္ပာယ်ပဲ ရပါတယ်။ အခြားအဓိပ္ပာယ်လို့ သဘောမပေါက်စေလိုပါကြောင်း ရိုသေစွာ တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ကချင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးဖြစ်သော ဦးမင်းဆွေနိုင် ရဲ့ မေးခွန်းဖြစ်တဲ့ B.Ed (Bachelor of Education) ပညာရေးဘွဲ့ တက်ရောက်ခွင့်၊ P.P.T.T (Pre - Primary Teacher Training) မူလတန်းကြို ဆရာ၊ ဆရာမ သင်တန်း တက်ရောက်ခွင့်နှင့် နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမများအတွက် ဝင်ခွင့်

ဖြေစရာမလိုဘဲ လုပ်သက်၊ ဘွဲ့(ဒီဂရီ) သတ်မှတ်ပြီး တက်ရောက်ခွင့် ပေးနိုင်ခြင်း ရှိ/မရှိ ကိစ္စနှင့် စပ်လျဉ်း၍ ပြန်လည် ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဘွဲ့ (Bachelor of Education) နှင့် စပ်လျဉ်းပြီး (၂)ပိုင်းရှိပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။ ပထမပိုင်းကတော့ ပညာရေးတက္ကသိုလ်များမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများမှ တက်ရောက်လျှောက်ထားတဲ့ (၄)နှစ်သင်တန်း ဒါ တစ်မျိုးရှိပါတယ်။ နောက်တစ်ခါ လုပ်သက်တန်းစီဇယားဖြင့် လျှောက်ထားခွင့်ရှိသူ ပညာရေးဘွဲ့ (B.Ed) စာပေးစာယူ(၂)နှစ်သင်တန်း ဒီလိုမျိုးရှိပါတယ်။ ရှိတဲ့နေရာမှာ ကျွန်တော်တို့ ဝန်ထမ်းတွေတက်ရတဲ့အပိုင်းကို ဒါ ကျွန်တော် မေးခွန်းနဲ့စပ်လျဉ်းပြီး ဦးစားပေး တင်ပြပါမယ်။ အဲဒီတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှာ ဆရာ၊ ဆရာမများအတွက် အရည်အသွေး မြှင့်တင်ဖို့အတွက် ပညာရေးဆိုင်ရာဘွဲ့များ၊ ပညာရေးဆိုင်ရာ သင်တန်းများ၊ လုပ်ငန်းခွင်အကြို၊ လုပ်ငန်းခွင်ဝင်ပြီး စသဖြင့် သင်တန်းများ ပြည့်ဝစွာပေးနိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ B.Ed သင်တန်းအနေနဲ့ ဒီဆရာဖြစ်ပြီးသားလူတွေ လျှောက်ထားနိုင်တဲ့ ဒီ B.Ed (၂)နှစ်သင်တန်းမှာဆိုရင် Capacity အားဖြင့် (၁၅၀၀)ဦး ပညာရေးတက္ကသိုလ်များ လက်ခံသင်ကြားနိုင်ပါကြောင်း တင်ပြပါတယ်။ အဲဒီတော့ တက်မယ့် ဆရာ၊ ဆရာမများကတော့ အလွှာမျိုးစုံ ရှိပါတယ်။

အဲဒီတော့ ဒီနေရာမှာ (၁၅၀၀)ဦးအတွက် ကျွန်တော်တို့ ဘယ်လို စိစစ်ရွေးချယ် သင်ကြားပေးလျက်ရှိလဲဆိုတာ ကျွန်တော် တင်ပြပါမယ်။ ဒီ လက်ရှိ အထက်တန်းပြ ဆရာ၊ ဆရာမများ ဝင်ခွင့်ဖြေဆိုတဲ့ဦးရေကို ကျွန်တော်တို့ သင်တန်းလက်ခံတဲ့ဦးရေရဲ့ (၅၀)ရာခိုင်နှုန်း ယူပါတယ်။ (၇၅၀)ဖြစ်ပါတယ်။ ထိုနည်းတူစွာ အလယ်တန်းပြများ၊ မူလတန်းကျောင်းအုပ်များ၊ အလယ်တန်းပြနှင့် လစာနှုန်းတူပညာရေးဝန်ထမ်းများ၊ ဝင်ခွင့်ဖြေဆိုလျှောက်ထားရင် (၁၀)ရာခိုင်နှုန်းယူပါတယ်။ (၁၅၀)ဦး လက်ခံပါတယ်။ နောက် ပညာရေးကောလိပ်များမှ နည်းပြများလည်း B.Ed သင်တန်းတက်လို့ရပါတယ်။ သူတို့လည်း ဝင်ခွင့်ဖြေရပါတယ်။ (၁၀)ရာခိုင်နှုန်း ကျွန်တော်တို့ လက်ခံပါတယ်။ စုစုပေါင်း(၁၅၀)ဦး ဖြစ်ပါတယ်။ နောက်တစ်ခါ လုပ်သက် ကြီးစဉ်တန်းစီဇယားဖြင့် ဝင်ခွင့်ဖြေဆိုထားသည့် လျှောက်ထားသည့် သင်ကြားရေးအထက်တန်းပြများ၊ အလယ်တန်းပြများ ကျွန်တော်တို့ (၃၀)ရာခိုင်နှုန်း လက်ခံပါတယ်။ (၄၅၀)ဦးဖြစ်ပါတယ်။ အဲဒီတော့ အဓိကအားဖြင့် အလွှာပေါင်းစုံ ဆရာ၊ ဆရာမများအတွက် အခွင့်အလမ်း ပေးလိုပါတယ်။ သို့သော် လျှောက်ထားသူများတဲ့အတွက် ဒီ သတ်မှတ်ထားတဲ့(၁၅၀၀)ကို တင်ပြပါအတိုင်း အချိုးချပြီး ဝင်ခွင့်ဖြေဆို လက်ခံရပါကြောင်း တင်ပြအပ်ပါတယ်။ နောင်ကျရင် ပညာရေးတက္ကသိုလ်များ ထပ်မံတိုးချဲ့ ဖွင့်လှစ်ဖို့ရှိပါတယ်။ ဒီလိုဖွင့်လှစ်နိုင်ရင်တော့ ဆရာ၊ ဆရာမများအတွက် သင်ကြားမှုအခွင့်အလမ်း ပိုမိုရရှိနိုင်ပါကြောင်း ရိုသေစွာ တင်ပြပါတယ်။

အဲဒီတော့ ဒုတိယမေးခွန်းဖြစ်တဲ့ လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း (Pre - Primary Teacher Training P.P.T.T) ကို တက္ကသိုလ်ဝင်တန်းအောင်မြင်သူများမှ တက်ရောက်တဲ့ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း (Diploma and Teacher of Education-DTED) သင်တန်းနဲ့ တွဲဖက်ပြီး ပညာသင်နှစ်တစ်နှစ်တွင် (၁)ကြိမ် ဖွင့်လှစ်သင်ကြား

ပေးလျက်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီပညာရေး လက်ရှိဖွင့်ထားတဲ့ ပညာရေးကောလိပ်(၂၂) ကျောင်းမှာ ဝင်ဆံ့အင်အားအနေနဲ့ (၅၇၂၀)ဦး ကျွန်တော်တို့ လက်ခံနိုင်ပါတယ်။ သို့သော် နှစ်စဉ် လျှောက်ထားသူပေါင်းက(၅၅၂၁၈)ဦး၊ ဒါ အမျိုးသားဆရာ(၆၂၁၅)ဦး၊ အမျိုးသမီးဆရာမ(၄၈၉၉၅)ဦး လျှောက်ထားတဲ့အကြောင်း တင်ပြအပ်ပါတယ်။

အဲဒီတော့ တင်ပြပါအတိုင်း ကျွန်တော်တို့ လက်ခံနိုင်တဲ့ Capacity နဲ့ လျှောက်ထားသူ ဦးရေသည် အလွန်အမင်း အချိုးအစား ကွာဟသည့်အတွက် ဝင်ခွင့်စာမေးပွဲကို ကျင်းပရခြင်း ဖြစ်ပါ တယ်။ ရေးဖြေ အောင်မြင်သူများထဲမှာမှ ဒေသလိုအပ်ချက်၊ နောက် ဒေသမရွေး တာဝန်ထမ်းဆောင် နိုင်ရန်လျှောက်ထားမှု၊ နောက် လိုအပ်တဲ့ ကျွန်းမာကြံ့ခိုင်မှုရှိတဲ့ ဆရာ၊ ဆရာမများ၊ နောက်တစ်ခါ ဒီ ပြည်နယ်နှင့် တိုင်းဒေသအလိုက် ဆရာ၊ ဆရာမ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှုအပေါ် မူတည်ပြီးတော့ လူတွေ့၊ နှုတ်ဖြေ စစ်ဆေးခြင်းဖြင့် ရွေးချယ်ရပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပညာရေးတက္ကသိုလ်များ တိုးချဲ့ရန်စီစဉ်နေသည့်နည်းတူ ပညာရေးကောလိပ် တွေကိုလည်း ကျွန်တော်တို့ အဆင့်မြှင့်တင်ရန်နှင့် တိုးချဲ့ရန် စီစဉ်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက် ပြီးချိန်မှာတော့ ပညာရေးဝန်ထမ်းများ အားလုံးအတွက် သင်ကြားမှု အခွင့်အလမ်း ပိုမိုရရှိမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခါ ဆရာ၊ ဆရာမတိုင်းသည် သင့်တင့်တဲ့ ထိုက်သင့်တဲ့ ပညာအရည်အသွေးရအောင်၊ သင်ကြားသင်ယူမှု အရည်အသွေးရှိအောင် ဒီ In-service, Pre-service Training များလည်း ဆက်လက်ဆောင်ရွက်ပါမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက် ၇ - ၃ - ၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဧည့်သည်တော်များ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာစေကြောင်း ဆုမွန်တောင်းလို့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ဆွေးနွေးမှာကတော့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကို ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပေးပို့တဲ့နေရာမှာ ပုဒ်မ ၂၊ ပုဒ်မခွဲငယ်(စ) ကို စပြီး ကျွန်တော် ဆွေးနွေးပါမယ်။ ပုဒ်မခွဲငယ်(စ)က ရေယာဉ်ဆိုတဲ့အဓိပ္ပာယ် ဖွင့်ဆိုထားတာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ရေယာဉ်ဆိုသည်မှာဆိုတဲ့ စကားရပ်ကို ပြည်သူ့လွှတ်တော်က ရေယာဉ်ဆိုရာတွင်လို့ ပြင်ဆင်ပြီးတော့ ပြဋ္ဌာန်းလာတာတွေ့ပါတယ်။ ဒီနေရာ ကျွန်တော် ပြည်သူ့လွှတ်တော်က ရေယာဉ်ဆိုရာတွင်လို့ ထောက်ခံပြီးဆွေးနွေးတဲ့နေရာမှာ ရေယာဉ်ဆိုသည်မှာဆိုတဲ့ စကားရပ်ဟာ ကျွန်တော်တို့ မနေ့က အမျိုးသားလွှတ်တော်မှာ ဆွေးနွေးသွားတဲ့ မြန်မာ့ကမ်းရိုးတန်းနှင့် ရေကြောင်းပို့ဆောင်ရေးမှာလည်း ရေယာဉ်ဆိုသည်မှာဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုထားပြီးဖြစ်တယ်။ နောက်တစ်ခုကလည်း ကျွန်တော်တို့ ရေယာဉ်ဆိုသည်မှာဆိုတဲ့ဟာလည်း ကျွန်တော်တို့ The Inland Steam Vessels Act မှာ အဲဒီမှာလည်း ကျွန်တော်တို့ ပြဋ္ဌာန်းထားတာရှိတဲ့အတွက် အခုတစ်ခါ ဒီဥပဒေမှာ ရေယာဉ်ဆိုရာတွင် ဆိုတဲ့အခါမှာ အခြားအကျုံးဝင်တဲ့ဟာတွေပါ ထပ်ပြီးတော့ ဖော်ပြမှာဖြစ်တဲ့အတွက် ရေယာဉ်ဆိုသည်မှာလို့ မသုံးတော့ဘဲနဲ့ ရေယာဉ်ဆိုရာတွင်လို့ သုံးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီရေယာဉ်ဆိုရာတွင် ဆိုတဲ့ သုံးနှုန်းထားတဲ့ ပြည်သူ့လွှတ်တော်မှာ ပြဋ္ဌာန်းချက်ကို ကျွန်တော် အနည်းငယ် ဖြည့်စွက်ပြီးတော့ ကျွန်တော် ပြင်ဆင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ရေယာဉ်ဆိုရာတွင် ရေကြောင်းသွားလာရာ၌ စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင်တို့လည်း ပါဝင်သည်လို့ ဆိုတယ်။ ဒီနေရာမှာ ကျွန်တော် အနည်းငယ် ပြင်ဆင်ဖြည့်စွက်ချင်တာ၊ ရေယာဉ်ဆိုရာတွင် ရေကြောင်းသွားလာရာ၌ လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ သယ်ယူပို့ဆောင်သော စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်ကိုဆိုသည် ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင်တို့လည်း ပါဝင်သည်လို့ ကျွန်တော်က ပြင်ဆင် ဖြည့်စွက်ချင်တာ ဖြစ်ပါတယ်။ ဒါဟာ ဘာလို့လဲဆိုရင် ကျွန်တော်တို့ ၁၉၇၄ ခုနှစ်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပြင်ဆင်ချက်ဥပဒေမှာလည်း ကျွန်တော်တို့ ဒီလိုပဲ ပြင်ဆင်ထားတာရှိတဲ့အတွက် ကျွန်တော် ပိုမိုပြည့်စုံအောင်ဆိုပြီးတော့ ကျွန်တော် လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ သယ်ယူပို့ဆောင်သော စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်ကို ဆိုသည်ဆိုတဲ့ စကားရပ်ကို ကျွန်တော် ဖြည့်စွက်ချင်တာ ဖြစ်ပါတယ်။

နောက်တစ်ခုက ၆(ခ)ဖြစ်ပါတယ်။ ၆(ခ)က ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားတဲ့ ပြင်ဆင်ချက်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ၆(ခ)ကို အသစ်ဖြည့်စွက်တဲ့နေရာမှာ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေယာဉ်၊ ရေယာဉ်ဝန်ထမ်းများ၊ ခရီးသည်များနှင့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီးတော့ လုံခြုံမှုရရှိရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး တို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဆိုတဲ့နေရာမှာ ကျွန်တော်က ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေး ဆိုတဲ့စကားရပ်ကို ပယ်ဖျက်ချင်တာဖြစ်ပါတယ်။ ဒီနေရာမှာ ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရေး ဆိုတဲ့နေရာမှာ တိကျခိုင်မာမှုမရှိတဲ့အတွက် ဒီစကားရပ်ဟာ ကျွန်တော်တို့ မနေ့က ပြင်ဆင်ထားတဲ့ လိုင်စင်အပိုင်းမှာ ကျွန်တော်တို့ ပြင်ဆင်သင့်တဲ့စကားရပ်ဖြစ်ပါတယ်။ ဒီမှာ ပြင်ဆင်မယ်ဆိုရင် အသစ်ဖြည့်စွက်မယ်ဆိုရင် ပတ်ဝန်းကျင်ဆိုတဲ့ စကားရပ်ရဲ့ရှေ့မှာ ရေယာဉ် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလား၊ ရေကြောင်းပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလားဆိုတာ ကျွန်တော်တို့ ကွဲကွဲပြားပြား မသိတဲ့အတွက် ကျွန်တော် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးဆိုတဲ့ စကားရပ်ကို ကျွန်တော်က ဒီမှာ ပယ်ဖျက်ချင်တာ ဖြစ်ပါတယ်။

နောက်တစ်ခုက အသစ်ဖြည့်စွက်တဲ့ ၁၃(ခ) ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်တဲ့ ၁၃(ခ)မှာ ပုဒ်မ(က) ပါပြုလုပ်မှုတစ်ခုခုကို အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း မပြုရလို့ဆိုတဲ့ ရှိပါတယ်။ ဒါက မူလဥပဒေမှာ ပုဒ်မ ၁၃(ခ)ကို ခြေဆင်းအနေနဲ့ ဖော်ပြထားတာ ရှိတဲ့အတွက် အခု အသစ်ဖြည့်စွက်မယ်ဆိုရင် မည်သူမဆို ဆိုတဲ့စကားရပ်ကို ထည့်သွင်းပြီးတော့ မည်သူမဆို ပုဒ်မ(က) ပါပြုလုပ်မှု တစ်ခုခုကို မပြုလုပ်ရလို့ အခုလို ပြင်ဆင်ချင်တာ ဖြစ်ပါတယ်။

နောက်တစ်ခု နောက်ဆုံးအနေနဲ့ ပုဒ်မ ၁၆ ဖြစ်ပါတယ်။ ပုဒ်မ ၁၆ က ပြည်သူ့လွှတ်တော်က အသစ်ပြင်ဆင်ထားတဲ့ အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ ပုဒ်မ ၁၆ မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်မောင်းနှင်သည့် မည်သည့်ရေယာဉ်အုပ်မဆို ခရီးသည်တင် ရေယာဉ်နှင့် ကုန်စည်ရေယာဉ် အမျိုးအစားအလိုက် ခွင့်ပြုထားသော ခရီးသည်ဦးရေထက် ကျော်လွန်၍သော် လည်းကောင်း၊ သတ်မှတ်ထားသော ဝန်တင်မျဉ်းအမှတ်အသား မြုပ်သည်အထိသော်လည်းကောင်း၊ ခရီးသည် သို့မဟုတ် ကုန်စည်များကို တင်ဆောင်ပါက ပြည်တွင်းရေကြောင်းဥပဒေအရ အရေးယူခြင်း ခံရမည်ဆိုတဲ့နေရာမှာ ကျွန်တော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရေယာဉ်ကို မောင်းနှင်သည့် မည်သည့်ရေယာဉ်အုပ်မဆို လိုင်စင်မရှိဘဲ မောင်းနှင်ခြင်း ဆိုတဲ့စကားရပ်ကို ကျွန်တော် ဒီမှာ ဖြည့်စွက်ချင်တာဖြစ်တဲ့အတွက် ကျွန်တော် ဒီ ပုဒ်မ ၁၆ ကို အခုလို ကျွန်တော် ဖြည့်စွက်ရခြင်း ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြပါတယ်။ ကျွန်တော်ရဲ့ဆွေးနွေးချက်ဟာ ဒီမှာတင်ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုးရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက် (ကြာသပတေးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]